# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

EMReF
Enlightened Myanmar
Research Foundation

အမှတ် (၄၂)၊ အောက်တိုဘာ ၃၁ ရက်၊ ၂၀၁၇





## သတင်း ဓာတ်ပုံ

အောက်တိုဘာလ ၂၂ ရက်၊ ၂၀၁၇ က ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သော တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံသစ်ကို တွေ့မြင်ရစဉ်။

(ကိုးကား- Tanintharyi Region Hluttaw)

# လွှတ်တော်အဖွဲ့ ဥပဒေကြမ်းပြဋ္ဌာန်းရန်မသင့်ကြောင်း တပ်မတော်သားနှင့် လွှတ်တော်အမတ်အချို့ဆို

**အောက်တိုဘာ ၂၆၊ ၂၀၁၇**

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို ပြဋ္ဌာန်းပါက အခြေခံဥပဒေနှင့် ဆန့်ကျင်နေသောကြောင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အချို့က ကန့်ကွက် ဆွေးနွေးလိုက်သည်။

အောက်တိုဘာလ ၂၆ ရက်က ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ယင်းဥပဒေကြမ်းကိုဆွေးနွေးရာ ရခိုင်ကိုယ်စားလှယ် ၃ ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၂ ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးက ကန့်ကွက်ခဲ့ပြီး NLD ပါတီဝင် ကိုယ်စားလှယ် ၂ ဦးက ထောက်ခံခဲ့ခြင်း ဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွှတ်လပ်စွာ ဖွဲ့စည်းထားသော လွှတ်တော်အဖွဲ့အစည်းများကို ပြည်ထောင်စုလွှတ်တော်က အထက်အောက်ထား၍ လွှတ်တော်အဖွဲ့ဟု ဖွဲ့စည်းလိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့်သဘော သက်ရောက်နေကြောင်း တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်ကျော်က ပြောသည်။

လက်ရှိအချိန်သည် အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတွေ လုပ်နေသည့်ကာလဖြစ်ပြီး ယင်းဥပဒေကို အကျိုးဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် ရေးဆွဲသင့်သည့်အချိန် ဟုတ်၊ မဟုတ်ကို စဉ်းစားရန်လိုကြောင်း ကယားပြည်နယ် မဲဆန္ဒနယ်မှ ဦးစိုးသိန်း(တစ်သီးပုဂ္ဂလကိုယ်စားလှယ်)က ဆိုသည်။

ယင်းအပြင် ဦးကျော်ကျော် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)ကလည်း ဖက်ဒရယ်စနစ်ကိုသွားမည်ဆိုပါက တိုင်းနှင့်ပြည်နယ်လွှတ်တော်များကို ထိန်းချုပ်လိုသည့် အဆိုပါဥပဒေကို လုံးဝပြဋ္ဌာန်းရန်မသင့်ကြောင်း ဆွေးနွေးသည်။

အစိုးရအနေနှင့် တိုင်းရင်းသားညီအစ်ကိုများနှင့်ယုံကြည်မှုတည်ဆောက်ကာ ငြိမ်းချမ်းရေးအတွက် ကြိုးစားနေချိန်ဖြစ်ပြီး ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ဆောက်နေချိန်တွင် ဗဟိုချုပ်ကိုင်မှုနှင့် လွှမ်းမိုးမှုကို ဖြစ်စေနိုင်သော ယင်းဥပဒေကို ပြဋ္ဌာန်းရန်မသင့်ကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦးက ဆိုသည်။

NLD ပါတီဝင် ကိုယ်စားလှယ်တို့ကမူ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတို့တွင် ဖော်ပြမထားသော အခြားကိစ္စရပ်နှင့် စပ်လျဉ်းသည့်ဥပဒေပြုပိုင်ခွင့်အာဏာအား ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည်ဟု ပြဋ္ဌာန်းထားသကဲ့သို့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေတွင်လည်း နာယကသည် လွှတ်တော်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဆိုင်ရာအဖွဲ့ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း ထောက်ခံဆွေးနွေးခဲ့သည်။

ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာခဲ့သည်။ (ကိုးကား- The VOICE Daily)

# စည်းမျဉ်းနှင့်မညီသော နိုင်ငံပိုင်အဆောက်အဦနှင့်မြေကွက်များ နိုင်ငံပိုင်အဖြစ် ပြန်သိမ်းရန်အဆို ပြည်ထောင်စုက လုပ်ဆောင်ရမည့်ကိစ္စရပ်များ အများစုဖြစ်နေ

**အောက်တိုဘာ ၂၆၊ ၂၀၁၇**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး နဝမမြောက်နေ့တွင် "ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ နည်းလမ်းအမျိုးမျိုးဖြင့်ရယူထားကြပြီး ယနေ့အထိ လုပ်ငန်းလုပ်ကိုင် အကောင်အထည်ဖော်ဆောင်ခြင်းမရှိသော စည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီမှုမရှိသည့် နိုင်ငံပိုင် အဆောက်အဦနှင့် မြေကွက်များအား နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်း အဆို"ကို လွှတ်တော်ကိုယ်စားလှယ်(၉) ဦးတို့မှ ဆွေးနွေးခဲ့သည်။ သို့သော် ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ရမည့်ကိစ္စများ အများစုပါဝင်နေသည့်အတွက် အဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ပေးရန် လျှပ်စစ်၊ ရန်ကုန်တိုင်း စက်မှုလက်မှုနှင့်



လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က တင်ပြခဲ့သည်။ ယင်းအဆိုကို တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေး (မင်္ဂလာတောင်ညွန့်-၁)က တင်သွင်းခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူပိုင် အဆောက်အအုံများကို ပုဂ္ဂလိကသို့ ငှားရမ်းခြင်းနှင့် အပိုင်ရောင်းချခြင်းတွင် ပြည်ထောင်စုအဆင့်က ဆောင်ရွက်သည်များရှိသလို တိုင်းဒေသကြီးက စာချုပ်ချုပ်ငှားရမ်းမှုအချို့ရှိသည်။ ယင်းတို့ကိုစိစစ်၍ ပုဂ္ဂလိကထံ လွှဲပြောင်းပေးခြင်းတွင် ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရမည့်ကိစ္စများ ရာခိုင်နှုန်းအတော်များများ ပါဝင်နေသည်ဟု ဒေါ်နီလာကျော်က ပြောသည်။

အဆိုရှင်ဦးလှဋ္ဌေးက ယင်းဖြေကြားမှုအပေါ် ပြည်ထောင်စုသို့ ဆက်လက်တင်ပြပေးစေလိုပြီး တည်ဆဲဥပဒေအရ စိစစ်ဆောင်ရွက်ရမည့်အချိန်ကာလ ရောက်နေပြီဖြစ်ကြောင်း ထောက်ပြခဲ့သည်။ ၎င်းအနေနှင့် မြို့နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များကို အကူအညီတောင်းခံပြီး အကောင်အထည်မဖော်ရသေးသည့် မြေကွက်များ၊ အဆောက်အဦများကို စာရင်းပြုစု၍ လွှတ်တော်မှ စောင့်ကြည့်သွားမည်ဟု ပြန်လည်ဆွေးနွေးခဲ့သည်။ ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

**(ကိုးကား- yangon hluttaw facebook )**

# ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီနည်းဥပဒေများ(မူကြမ်း) ဒီမိုကရေစီစံချိန်စံနှုန်းနှင့်မညီသေးဟု ပြော

**အောက်တိုဘာ ၂၄၊ ၂၀၁၇**

ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ နည်းဥပဒေများ (မူကြမ်း )သည် ဒီမိုကရေစီ စံချိန်စံနှုန်းနှင့်ကိုက်ညီမှုမရှိဟု ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲဆိုင်ရာ ပါတီစုံဆွေးနွေးပွဲတွင် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ကပြောသည်။

ထိုဆွေးနွေးပွဲကို အောက်တိုဘာလ (၂၂-၂၃)ရက်က တောင်ကြီးမြို့ Royal Star Hotel တွင် ကျင်းပခဲ့ရာ ရှမ်းပြည်နယ်၊ တိုင်းရင်းသားပါတီ(၁၅)ပါတီမှ ကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ တို့ တက်ရောက်ဆွေးနွေးခဲ့သည်။

"ဒီအလုပ်ရုံဆွေးနွေးပွဲကနေ ကျွန်တော် သိရသလောက်က အခုရေးဆွဲထားတဲ့ ဥပဒေမူကြမ်းက လုံးဝအဆင်မပြေဘူး။ ဒီနည်းဥပဒေထွက်လာအောင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကပဲ ထောက် ခံခဲ့တယ်။ အဲ့ဒီထဲမှာ ကျွန်တော်လည်းပါတယ်။ ဒါပေမယ့် တကယ်တမ်းထွက်လာတဲ့ခါ ရေးသင့်ရေးထိုက်တဲ့ အဖွဲ့အစည်းကရေးတာမဟုတ်ဘဲ ဌာနက ပုဂ္ဂိုလ်တစ်ဦးဦး(ဒါမှမဟုတ်) သူ့အကြံပေးပုဂ္ဂိုလ်တစ်ဦးဦးကရေးထားတာ တွေ့ရတယ်။ သူတို့ရေးဆွဲထားတဲ့ အချက်တွေကလည်း သိပ်ပြီး free and fair မဖြစ်ဘူး၊ ဒီမိုကရေစီ right နဲ့လည်း သိပ်မညီဘူး"ဟု ၎င်းက အဆိုပါအစည်းအဝေးပွဲအပြီးတွင် ပြောခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေး လုပ်ငန်းများတွင် မြို့နယ်အုပ်ချုပ်ရေး ၊ ပြည်ထဲရေး ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများကို ဝင်စွက်ဖက်ပိုင်ခွင့်ပေးထားပြီး ပြည်သူလူထုမဲပေးပိုင်ခွင့်ကို အသိအမှတ်ပြုမထားကြောင်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲ နည်းပညာအထောက်အကူပြုကဏ္ဍတွင်ပါဝင်သော ဒေါက်တာဒေါ်ညိုညိုသင်း (Yangon Watch ) က သုံးသပ်သည်။

အဆိုပါနည်းဥပဒေများ(မူကြမ်း)ကို လာမည့် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ထပ်မံဆွေးနွေးရန် အချိန်များစွာလိုအပ်ပြီး လိုအပ်လျှင်ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲမည့် အလားအလာရှိကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က ပြောသည်။ **(ကိုးကား- သျှမ်းသံတော်ဆင့်)**

# မကွေးတိုင်းဒေသကြီးလွှတ်တော်ကော်မတီများ ပြင်ဆင်ဖွဲ့စည်း

**အောက်တိုဘာ ၁၄၊ ၂၀၁၇**

မကွေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့(၁၁.၁၀.၂၀၁၇)တွင် ဖွဲ့စည်းထားသည့် လွှတ်တော် ကော်မတီများအနက်မှ ကျန်ရှိသည့်ကော်မတီ(၅)ခုအား ပြန်လည်ပြင်ဆင်သည့် ကော်မတီဝင်များစာရင်းတင်သွင်းခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြင်ဆင်ဖွဲ့စည်းရာတွင် ယခင်ကော်မတီဝင်များ၏ ဆန္ဒသဘောထားရယူ၍ ၎င်းတို့ပါဝင်လိုသည့်ကော်မတီသို့ ပြောင်းလဲပါဝင်ခွင့်ပြုခဲ့ကြောင်းလည်း သိရသည်။

**ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများ ပြင်ဆင်ဖွဲ့စည်းပုံ**

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သား ကိုယ်စားလှယ် | ပြင်ပ ပညာရှင် | |
| ၁။ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ | ၅ | ၁ | _ | ၆ |
| ၂။ | ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၃။ | ဥပဒေပြုရေးဆိုင်ရာကော်မတီ | ၉ | ၁ | _ | ၁၀ |
| ၄။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ | ၅ | ၁ | _ | ၆ |
| ၅။ | ပြည်သူ့ငွေစာရင်းကော်မတီ | ၈ | ၁ | _ | ၉ |
| ၆။ | တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ | ၈ | ၁ | _ | ၉ |
| ၇။ | ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကော်မတီ | ၈ | ၁ | _ | ၉ |
| ၈။ | သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ | ၈ | ၁ | _ | ၉ |
| ၉။ | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ | ၈ | ၁ | _ | ၉ |
| ၁၀။ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးကော်မတီဝင် | ၈ | ၁ | | ၉ |

**သတင်းရင်းမြစ်- မကွေးတိုင်းဒေသကြီးလွှတ်တော်ဖေ့စ်ဘွတ်ခ်၊ ရေးရာကော်မတီဝင် ဦးဝင်းမြင့်လှိုင်(ခ) ဦးလှိုင်လှိုင်**

# သီးနှံဈေးနှုန်းကို နှစ်စဉ်ကြမ်းခင်းဈေး သတ်မှတ်နိုင်ရေး အဆို ရောဝတီတိုင်းလွှတ်တော် မဲခွဲဆုံးဖြတ်

**အောက်တိုဘာ ၂၆၊ ၂၀၁၇**

ရောဝတီတိုင်းလွှတ်တော်တွင် အောက်တိုဘာလ ၂၆ ရက်က သီးနှံဈေးနှုန်း နှစ်စဉ်ကြမ်းခင်းဈေး သတ်မှတ်ပေးနိုင်ရန်လိုအပ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းသင့်ကြောင်း အဆိုတင်သွင်းခဲ့ရာ ကန့်ကွက်သူအချို့ရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ယင်းအဆိုကို ရေကြည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမျိုးညွန့်က တင်သွင်းခဲ့ခြင်း ဖြစ်သည်။

"အဆိုရှင်ရဲ့ ရည်ရွယ်ချက်က ကောင်းမွန်ပါတယ်။ ဒါပေမဲ့ သီးနှံကြမ်းခင်းဈေး သတ်မှတ်ဖို့ ဝယ်ယူဖို့ဆိုတာမှာ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်လာမယ်။ ဈေးကွက်စီးပွားရေးနဲ့လည်း မညီညွတ်တော့ဘူး၊ ဒါကြောင့် ပြည်သူ့လွှတ်တော်တို့၊ အမျိုးသားလွှတ်တော်တို့မှာသာ ဆောင်ရွက်သင့်တာပါ"ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းက ပြောသည်။

ယင်းအဆိုကို လျှို့ဝှက်ဆန္ဒမဲပေး၍ မဲခွဲဆုံးဖြတ်ခဲ့ရာ လွှတ်တော်တွင် ဆွေးနွေးရန် မသင့်သည့် ဆန္ဒမဲ ၅၃မဲ၊ ဆွေးနွေးရန် ဆန္ဒမဲ ၅မဲ၊ ကြားနေ ၁မဲ၊ ပယ်မဲ ၁မဲဖြင့် အဆိုကို လွှတ်တော်က ဆက်လက်ဆောင်ရွက်ရန်မရှိဟု ဆုံးဖြတ်ခဲ့ကြောင်း လွှတ်တော်ရုံးမှတ်တမ်းများအရ သိရသည်။ **(ကိုးကား- The Voice Daily)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

သတင်းစာစဉ်

စုစည်းတင်ပြသူ

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း

ဆက်သွယ်ရန်

၀၉-၂၆၁၆၅၄၀၄၅

www.emref.org

www.mypilar.org

www.facebook.com/emrefmyanmar